# နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ကာလ (၉ - ၁၇ ဧပြီ)အတွင်း ဆိပ်ကမ်းဝန်ဆောင်မှု ပေးသွားမည့် အစီအစဉ်များ အသိပေးကြေညာခြင်း

နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ကာလ (၉ - ၁၇ ဧပြီ)အတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း လည်ပတ်နိုင်စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများအားလုံးသည် ဆိပ်ကမ်းဝန်ဆောင်မှုများကို ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်သင်္ဘောကြီးများကို ပိတ်ရက်မရှိ နေ့/ည(၂၄/၇) အန္တရာယ်ကင်းစွာဖြင့် ဝင်/ထွက်ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါကာလအတွင်း ရေယာဉ်ကြီးများ အရေးပေါ်ဝင်/ထွက်/ရွှေ့ပြောင်းရန်လိုအပ်ပါက ရေကြောင်းဌာနမှူးချုပ်၊ ဖုံး - ၀၉၅၀၀၁၆၂၁ သို့ ဆက်သွယ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနသည်လည်း ရုံးပိတ်ရက်အတွင်း ဧပြီလ ၁၁၊ ၁၃နှင့် ၁၅ ရက်နေ့များတွင် ရုံးချိန်အတွင်း Delivery Order (DO)၊ Shipping Instruction (SI)နှင့် 90/91 Form များကို ထုတ်ပေးသွားမည်ဖြစ်ပြီး၊ သွင်းကုန်ပစ္စည်းများ အမြန်ထုတ်ယူနိုင်ရေးနှင့် ပို့ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်၍ လိုအပ်ပါက ကိုယ်စားလှယ်လုပ်ငန်းဌာနမှ အောက်ဖော်ပြပါဖုံးနံပါတ်များသို့ အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

- ဒုတိယအထွေထွေမန်နေဂျာ - ၀၉၅၁၁၇၁၀၂
- မန်နေဂျာ၊ ဌာနခွဲ(၁) - ၀၉၂၅၀၂၇၈၇၆၃
- မန်နေဂျာ၊ ဌာနခွဲ(၂) - ၀၉၉၇၅၂၃၂၉၉၉
- မန်နေဂျာ၊ ဌာနခွဲ(၃) - ၀၉၄၄၈၀၁၇၄၃၇

ကုန်သေတ္တာ တင်ပို့/ထုတ်ယူခြင်းလုပ်ငန်းများအတွက် ကုန်သေတ္တာဆိပ်ကမ်းတံတားအလိုက် အောက်ဖော်ပြပါ ဖုံးနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်-

- အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်းတံတား (AWPT/HPT) - ၀၉၂၅၄၀၂၁၆၆၀/၀၉၄၂၁၀၂၉၃၂၅/ ၀၉၅၄၂၀၁၁၁
- မြန်မာ့စက်မှုဆိပ်ကမ်းတံတား (MIP) - ၀၉၄၂၁၀၁၄၀၃၅
- မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတား သီလဝါ (MITT) - ၀၉၉၇၇၂၄၆၈၀၈/၀၉၉၇၇၂၄၆၆၈၀

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**